# SUNHANG SHUNHANG GPS MODEL: SH-598 အသုံးပြုပုံ SUNHANG



- Power ON/OFF (စက် ဖွင့်/ ပိတ်ပြုလုပ်ရန်)
- ခလုတ် တစ်ချက်နှိပ်လျှင် စက်ပွင့်ပါသည်။ ခလုတ်ကို (၃) စက္ကန့်ခန့် ဖိနှိပ်ထားလျှင် စက်ပိတ်ပါသည်။
- စက်ပွင့်နေစဉ် ၎င်းခလုတ်ကို တစ်ချက်ထပ်နှိပ်လျှင် LCD မျက်နှာပြင် အလင်းချိန်ညှိရန် နှင့် Key ခလုတ်များ အလင်းချိန်ညှိရန် ◀ ▶ ▼ ▲ ခလုတ်များအသုံးပြု၍ချိန်ညှိနိုင်ပါသည်။
- LCD နှင့် Key အတွက်အလင်းချိန်ညှိပြီးလျှင် Exit ခလုတ်တစ်ချက်နှိပ်၍ပြန်ထွက်ပါ။

**EXIT**

- မိမိအသုံးပြုလိုသော function (လုပ်ဆောင်ချက်) များဝင်ရောက်ပြင်ဆင်အတည်ပြုပြီးပါက မူလမျက်နှာပြင်သို့ ပြန်ထွက် / ပြန်သွားရာတွင် Exit ခလုတ်ကို အသုံးပြုသည်။

**ENTER**

- မိမိအသုံးပြုလိုသော Function (လုပ်ဆောင်ချက်)များ ဝင်ရောက်ရွေးချယ် ပြင်ဆင်ပြီး အတည်ပြုရာတွင် အသုံးပြုသည်။ ထပ်ဆင့် Function များဝင်ရောက်ရာတွင်လည်း ▶ ခလုတ် နည်းတူ Enter ကိုလည်း အသုံးပြုနိုင်သည်။

**GOTO**


- မိမိ သွားလိုသော Destination (ဦးတည်ရာ) သို့ တိုက်ရိုက်လမ်းကြောင်းဆွဲကြည့်ရာတွင် အသုံးပြုသည်။ မိမိသင်္ကေတမှ WPT ၊ROUTE ၊ MARK ၊ CURSOR (ကာဆာ) တည်နေရာတစ်ခုချင်းဆီသို့ GOTO ဖြင့် လမ်းကြောင်းဆွဲကြည့်နိုင်ပါသည်။

**PAGE**

- Switch different screens(မျက်နှာပြင်ဖော်ပြမှုပုံစံရွေးချယ်ရန်)။
- Plotter screen ,Fish Finder screen , Combo screen,COG/SOG Screen စသဖြင့် ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုရွေးချယ်ပြီးကြိုက်နှစ်သက် / အသုံးပြုလိုသော Screen ကို ENTER ခလုတ်နှိပ်၍ အသုံးပြုနိုင်ပါသည်။

**MENU**

- စက်နှင့်ပတ်သက်သော Function များအသေးစိပ်ဝင်ရောက်ပြင်ဆင်အသုံးပြုနိုင်သည်။
- MENU ခလုတ်တစ်ချက် နှိပ်လျှင် 1 မှ 10 အထိ Function များ၊ ထပ်ဆင့် Function များ ကို ◀ ▶ ▼ ▲ ENTER ခလုတ်များအသုံးပြု ၍ ဝင်ရောက်ပြင်ဆင်အသုံး ပြု နိုင်ပါသည်။ MENU ခလုတ် ကို၃ စက္ကန့် ခန့် ဖိနှိပ် ထားလျှင် Display Pages များဖွင့်/ ပိတ် ပြုလုပ်နိုင်သည်။



* မြေပုံ ပေါ် တွင် Cursor (ကာဆာ) နေရာရွှေ့ရန် နှင့် MENU ထဲတွင် Function များရွေးရန် အသုံးပြုပါသည်။

**CENTER 0**

- မိမိသင်္ဘောကို မျက်နှာပြင်အလယ်ဗဟို တွင်ထားရန် နှင့် + cursor (ကာဆာ ) လက်ရှိတည်နေရာသို့ ရွှေ့ရန်အသုံးပြုသည်။ ဂဏာန်း ရိုက်ထည့်ရာတွင် ၀ (သုည) အနေဖြင့်လည်းအသုံးပြုနိုင်သည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

**MARK PQRS 7**

- အမှတ် ရိုက်ရန် ၊ အမှတ် ရွေးချယ်ရန် ၊နံပါတ် (7)နှင့် PQRS စာလုံး များအသုံးပြုရန်။
- တချက်နှိပ်လျှင် အမှတ် ( MARK) မှတ်သားပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သောနေရာသို့ရွှေ့၍အမှတ်များမှတ်သားနိုင်သည်။
- MARK ခလုတ်အား (၃)စက္ကန့်ခန့်ဖိနှိပ်ထားလျှင် အမှတ်သင်္ကေတရွေး ချယ်ခြင်း၊ အမှတ်အရောင်ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

**CURSOR TUV 8**

- ကာဆာ (+)ဖွင့် / ပိတ် ၊ နံပါတ် (8) ၊ TUV စာလုံး များအသုံးပြုရန်။
- CURSOR ခလုတ်အားတစ်ချက်နှိပ်လျှင်ကာဆာ သင်္ကေတ (+) ဖော်ပြပြီးတစ်ချက်ထပ်နှိပ်လျှင် ၎င်း ကာဆာသင်္ကေတ (+) ပျောက်သည်။
- CURSOR သင်္ကေတ (+) ဖော်ပြထားချိန်တွင် Arrow Key / မြှားသင်္ကေတ ◀ ▶ ▼ ▲ များအသုံးပြုပြီးနေရာရွှေ့ပြောင်း၍ မိမိအသုံးပြု / မှတ်သားလိုသော MARK ( အမှတ် ) WPT (ပေးပွိုင့်) နှင့် Route (လမ်းကြောင်း/ Boundary Line) များအသုံးပြုနိုင်သည်။
- တဖန် ၎င်း ကာဆာဖော်ပြထားချိန်တွင် ပင် မိမိအသုံးပြု / မှတ်သားထားသော MARK (အမှတ်) WPT (ပေးပွိုင့်) များတခုချင်းစီပြန်လည် Delete (ဖျက်) နိုင်သည်။
- ကာဆာ (+)အသုံးပြု ၍ MARK ( သို့ ) WPT နေရာသို့ ကာဆာ (+) ရောက်၍ RED CIRCLE (စက်ဝိုင်း)သင်္ကေတ ပေါ် လာလျှင် ENTER ခလုတ်တစ်ချက် နှိပ်ပြီး 3 Delete နှိပ်၍ဖျက်နိုင်သည်။ MARK နှင့် WPT ပေါ်တွင် RED CIRCLE (အနီရောက်စက်ဝိုင်းသေး) ပေါ်နေချိန်တွင် ENTER ခလုတ်တချက်နှိပ်ပြီးအောက်ပါအတိုင်းအသုံးပြုနိုင်သည်။

→ 1 Goto - ၎င်းအမှတ်သို့ သင်္ဘောမှလမ်းကြောင်းဆွဲခြင်းပြုလုပ်နိုင်သည်။
→ 2 Modify - ၎င်းအမှတ်ကို လိုသလို ပြင်ဆင်ခြင်း / အသေးစိပ်ကြည့်ရှုခြင်းပြုနိုင်သည်။
→ 3 Delete - ၎င်းအမှတ်ကို ဖျက်ခြင်းပြုနိုင်သည်။
→ 4 Move - ၎င်းအမှတ်သို့ နေရာရွှေ့ခြင်း များပြုလုပ်နိုင်သည်။

**wxyz 9**

- ရေပုံ ချုံ့ကြည့်ရန် နံပါတ် (9) နှင့် WXYZ စာလုံး များအသုံးပြုရန်။
- Fish Finder Screen (ရေအောက်မျက်နှာပြင်မြင်ကွင်း) တွင် ၎င်းခလုတ်အားတစ်ချက်နှိပ်၍ ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုပြီး Depth Scale (ရေအနက်စကေး) များပြောင်းလဲ နိုင်သည်။
- Depth Scale နှင့် Gain အား Auto (အလိုအလျောက်) ပြောင်းလဲ လိုပါက ခလုတ် ကို တစ်ချက်နှိပ်ပါ။ ရေအနက် စကေးနှင့် ရေအောက်ပုံရိပ်များအလိုအလျောက် ချိန်ညှိ ပေးပါလိမ့်မည်။

**MNO 6**

- ရေပုံ ချဲ့ကြည့်ရန် ၊ နံပါတ် (6) နှင့် MNO စာလုံး များအသုံးပြုရန်။


** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **

ဖုန်း ၀၉ - ၄၅၀၀၂၉၀၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁

- Fish Finder Screen (ရေအောက်မျက်နှာပြင်မြင်ကွင်း) တွင် ၄င်းခလုတ်အားတစ်ခုနှိပ်၍ Sonar Sensitivity (ရေအောက်ပုံရိပ်) များကို ◀ ▶ ▼ ▲ ခလုတ်များအသုံးပြု၍ လိုသလိုချိန်ညှိနိုင်သည်။ ရေအောက်ပုံရိပ်များမရှင်းလင်း/ ထူထပ်နေပါက ၄င်းခလုတ်ကိုနှိပ်၍ ◀ ▶ ▼ ▲ ခလုတ်များအသုံးပြုပြီး အလျှော့ / အတင်း လိုသလို ချိန်ညှိနိုင်သည်။

**TURN**
**JKL 5**

- Rotate the chart (ရေပုံလှည့်ရန်) နံပါတ် (5) နှင့် JKL စာလုံး များအသုံးပြုရန်။
- ၄င်းခလုတ်ကိုနှိပ်ရန်ရေပုံအား အရှေ့ ၊နောက် ၊တောင် ၊မြောက် လှည့်ကြည့်နိုင်သည်။
- နံပါတ်များထည့်သွင်းရာတွင် နံပါတ် (5) အဖြစ်နှင့် စာသားများရေးရာတွင် "JKL" စာလုံး များအသုံးပြုနိုင်သည်။

**TRACK**
**GHI 4**

- လမ်းကြောင်းဖွင့် /ပိတ်ပြုလုပ်ရန် ၊လမ်းကြောင်းအရောင်ပြောင်းရန် ၊နံပါတ် (4) နှင့် GHI စာလုံး များအသုံးပြုရန်။
- ၄င်းခလုတ်အား တစ်ချက်နှိပ်ပါက လမ်းကြောင်းမှတ်တမ်းပွင့်၍ မိမိရေယာဉ်လမ်းကြောင်းကို အလိုအလျောက် မှတ်ထားနိုင်ပါသည်။
  ၄င်းခလုတ်အားနောက်တစ်ချက်ထပ်နှိပ်ပါကလမ်းကြောင်းမှတ်တမ်းပိတ်သွားပါမည်။
- ၄င်းခလုတ်အား(၃) စက္ကန့်ခန့် ဖိနှိပ်ထားပါက လမ်းကြောင်းအရောင်များရွေးချယ်နိုင်ပါသည်။

**ROUTE**
**DEF 3**

- ROUTE လမ်းကြောင်းဆွဲရန် Boundary Line ဆွဲရန် နံပါတ် (3) နှင့် DEF စာလုံး များအသုံးပြုရန်။
- မိမိသွားလိုသော ခရီးလမ်းကြောင်းအား ကာဆာ (+) အသုံးပြု၍ ROUTE လမ်းကြောင်း ကြိုတင်ဆွဲရာတွင် အသုံးပြုနိုင်သည်။
- ကာဆာ (+) ကို မိမိစဆွဲလိုသော နေရာသို့ရွှေ့၊ ROUTE ခလုတ်ကိုနှိပ်၍ →
  1) Begin quick route setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ ROUTE လမ်းကြောင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
  2) Begin quick line setting mode ရွေးပြီး ENT နှိပ်ကာ ROUTE (နံပါတ် 3) ခလုတ်နှိပ်၍ ကာဆာ (+) အားထပ်၂ရွှေ့၍ BOUNDARYလိုင်းများ ဆက်ဆွဲသွားနိုင်ပါသည်။
- ထိုသို့လမ်းကြောင်းများဆွဲပြီးပါက ENTER ခလုတ် ကို တစ်ချက်နှိပ်၍ ROUTE (သို့ ) Boundary Line လမ်းကြောင်းများ ကြိုတင်ရေးဆွဲ သွားနိုင်ပါသည်။

**WPT**
**LIST**
**ABC 2**

- မိမိမှတ်သားထားသော WPT (ပေးပွိုင့်) များအားလုံးကို ကြည့်နိုင်ခြင်း၊ ပြန်ပြင်နိုင်ခြင်း ၊ GOTO လမ်းကြောင်းဆွဲနိုင်ခြင်း ၊ CENTER (CET) ခလုတ်နှိပ်၍ ဖျက်ခြင်း များပြုလုပ်နိုင်သည်။
- နံပါတ် (2) နှင့် ABC စားလုံးများ အသုံးပြုရန်။

**WPT**
**.,? 1**

- WPT (ပေးပွိုင့်) မှတ်သားခြင်း၊ WPT သင်္ကေတများ၊ အရောင်များ ပြင်ဆင်ခြင်း၊ နံပါတ် (1) နှင့် . , ?
- သင်္ကေတများ အသုံးပြုနိုင်ပါသည်။ တစ်ချက်နှိပ်လျှင် ပေးပွိုင့် (WPT ) မှတ်ပြီး + cursor ( ကာဆာ) ဖြင့် မိမိလိုချင်သောနေရာသို့ရွှေ့ ၍ WPT အမှတ်များ မှတ်နိုင်သည်။
- WPT ခလုတ်အား (၃)စက္ကန့်ခန့် ဖိနှိပ်ထားလျှင် WPT အမည်ပေးခြင်း ၊ WPT အမှတ်သင်္ကေတ ရွေးချယ်ခြင်း၊ WPT အရောင် ရွေးချယ်ခြင်း စသဖြင့် ပြုလုပ်နိုင်သည်။

** အသေးစိတ် အချက်အလက်များစုံစမ်းမေးမြန်းရန် **
ဖုန်း ၀၉ - ၄၅၀၀၂၉၁၄၃ , ၀၉ - ၇၇၈ ၉၂၂ ၅၃၁